MHSP

စံပယ်ဖြူနု

# မြို့ကလေး နေမကောင်းပါ

ဝတ္ထုတိုစု



# စာရေးသူ ကိုယ်ရေးအကျဉ်း

၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်၊ မန်နောင် ကျေးရွာနေ အဖ ဦးကျော်လှ၊ အမိ ဒေါ်အုန်းစိန်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ မဖြူနု ဖြစ်သည်။ သူငယ်တန်းမှ ဆယ်တန်းအထိ အ.ထ.က(၄) ဗန်းမော်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ပညာသင်ယူခဲ့ပြီး အင်္ဂလိပ် ဘာသာစကား အဓိကဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

တက္ကသိုလ် ကျောင်းသူဘဝတွင် နာမည်ရင်း အပါအဝင် ကလောင်အမည် အမျိုးမျိုးဖြင့် ဝါသနာရှင် ကဏ္ဍများအတွက် ကဗျာများ၊ ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် စံပယ်ဖြူနု ကလောင် အမည်ဖြင့် စာပေလောကသို့ စတင် ဝင်ရောက်ခဲ့သည်။ ဝတ္ထုတို အများစုကို ဖူးငုံ ဆယ်ကျော်သက် မဂ္ဂဇင်းတွင် ရေးသားခဲ့ပြီး ရွှေအမြုတေ၊ ချယ်ရီ၊ ကလျာ၊ ရန့်သစ်၊ ခေတ်ရနံ့၊ Treasure Land၊ Faces၊ Idea စသည့် မဂ္ဂဇင်းများတွင်လည်း မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်များ ဖော်ပြခြင်း ခံခဲ့ရသည်။

၂၀၁၄ ခုနှစ်တွင် ပထမဆုံး ဝတ္ထုရှည်ဖြစ်သော မြောက်ဖျားက အလွမ်းရာသီကို ထုတ်ဝေခဲ့သည်။ လက်ရှိအချိန်အထိ ဝတ္ထုရှည် လေးအုပ်၊ ဝတ္ထုတို ပေါင်းချုပ် တစ်အုပ် ထုတ်ဝေပြီး ဖြစ်ကာ ကလေးဝတ္ထုတိုစု စာအုပ် နှစ်အုပ်ကိုလည်း ရေးသား ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော အပြန်လမ်းဘယ်မှာ လမ်းဘယ်မှာ ဝတ္ထုတိုဖြင့် ၂၀၁၂ ခုနှစ် ရွှေအမြုတေစာပေဆု (ဝတ္ထုတိုဆု)၊ မြောက်ဖျားက အလွမ်းရာသီ ဝတ္ထုရှည်ဖြင့် ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်)၊ သဟာယစာပေဆုတို့ကို ရရှိခဲ့သည်။

ခင်ပွန်းသည် ဦးဥက္ကါအောင်နှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိကာ မဂ္ဂဇင်းဝတ္ထုနှင့် ဝတ္ထုရှည်များ ဆက်လက် ရေးသားလျက် ရှိပါသည်။

***

## အလှမ်းဝေးခဲ့သည်

ဆည်းဆာနေခြည်က ဝရန်တာပေါ် ဖြာကျလျက် ရှိလေသည်။ အဝတ်များ ခြောက်ပြီမို့ အိမ်ခန်းအတွင်း ပြောင်းကာ ချိတ်ရလျှင် ဝရန်တာသည် ကျယ်ကျယ်လွင့်လွင့် ရှိလာပြန်သည်။

ဒေါ်ရွှေကျော့သည် ပက်လက် ကုလားထိုင်ကို ဝရန်တာဘက် ထုတ်လာ၏။ တိုက်ခန်းထဲထက် စာလျှင်တော့ လေကို လွတ်လွတ်လပ်လပ် ရှူရှိုက်နိုင်သေးသည်မို့ ဝရန်တာကို သူ အတော် နှစ်ခြိုက်ပါသည်။ အိမ်၌ သူ နှစ်သက်သည့် တစ်ခုတည်းသော နေရာ။

ပက်လက် ကုလားထိုင်လေးပေါ် ထိုင်ရင်း ဘေးက သံပန်းကွက် များကို ဆုပ်ကိုင်ကာ အောက်ဘက် လှမ်းကြည့်လျှင်တော့ လမ်းသွယ် လေးပေါ် လူများ ခပ်လှုပ်လှုပ် သွားလာ လှုပ်ရှားနေတာ မြင်ရသည်။ ညနေ အလုပ်ဆင်းချိန်၊ အိမ်ပြန်ချိန်။ သည်လူများအကြား သမီးလေးလည်း ပါလာမည်မို့ သူ

မျှော်နေပေသည်။

သမီးက တိုက်အောက် ရောက်လျှင် ခေါင်းလောင်း ကြိုးကလေး လှုပ်ကာ အချက်ပြတတ်သည်။ ယခု အချိန်အထိတော့ ဝရန်တာရှိ ခေါင်းလောင်းလေးက ငြိမ်သက်ဆဲ။ အခြားသော အခန်းအရပ်ရပ်က ခေါင်းလောင်းသံတို့ကတော့ ရံဖန်ရံခါ ပျံ့လွင့်လျက်။ သူ ရောက်စကတော့ ခေါင်းလောင်းကလေး တချွင်ချွင်မြည်တိုင်း သမီး ဝရန်တာဘက် အပြေး ထွက်ကြည့်သည်ကို အံ့သြခဲ့သေးသည်။

"အဲဒါ ဒီအခန်းကို ခေါ်တာပေါ့ အမေရဲ့။ ဧည့်သည်လာတာတို့ ဘာတို့ တစ်ခုခုပေါ့" ဟု သမီးလုပ်သူက ရှင်းပြလျှင်တော့ "ဟော့ မယ်ရွှေကျော့ရေ" ဟု ခြံဝက လှမ်းခေါ်တတ်သည့် မိတ်ဆွေတို့ကို မြင်ယောင်လာသည်။ တစ်ခါတလေများတော့ လှမ်းတောင် ခေါ်မနေပါဘူး။ ခြံဝိုင်းထဲသာ တန်းဝင်ခဲ့တော့တာပဲ။ ထိုအရပ်တွင် ခြံစည်းရိုး ဆိုသည်မှာ လူရှိသေရှင်ရှိသေ ခတ်ထားရုံမျှသာပင်။ ခြံတံခါးကို သော့ခတ်ရသည် မရှိ။ အိမ်တံခါးမကိုသာ ချက်ချအိပ်ရသည်။ အချို့များတော့ တံခါးမကြီးပင် ရှိသည်မဟုတ်။

သည်မှာတော့ တိုက်ခန်း လှေကားတောင် သော့ခတ်ထားရတယ် ဆိုလား။ သမီးသည် ပြန်လာလျှင် သော့များ တချွတ်ချွတ် ဖွင့်ရရှာသည်။ လှေကားသော့ တစ်ခါ ဖွင့်ရသည်။ လှေကားထစ် အထပ်ထပ် တက်လာပြီး အခန်းရှေ့ရောက်လျှင် သော့နှစ်ဆင့် ဖွင့်ရသေးသည်။ သမီးရယ် သော့တစ်လုံးသာ ခတ်ပါ ဆိုတော့ "အမေတစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချဘူး"ဆိုပါလား။

သမီးသည် နံနက်ခင်းတိုင်း အလုပ်မသွားမီ မိခင်ကို စိတ်ပူစွာ မှာကြားတတ်သည်။ ပြောမြဲစကားကိုပင် နေ့စဉ် ပြောတတ်ရှာသည်။ "အမေ ဘယ်သူ့ကိုမှ တံခါးသော့ ဖွင့်မပေးရဘူးနော်။ သမီးနဲ့သိတယ် ဘာညာ

ဘယ်လောက် ပြောပြော အမေ မယုံရဘူးနော် သိလား"

"အေးပါကွယ်"

ဒေါ်ရွှေကျော့ကလည်း ဆိုမြဲစကားကိုပင် ဆိုရသည်။

ထို့နောက်တွင်တော့ သူ့နေ့စဉ် ဘဝသည် ပုံမှန်လို အစပြုတော့ သည်ပင်။ သမီးလေး လမ်းထဲ လျှောက်သွားသည်ကို ဝရန်တာက လှမ်းမျှော်ကြည့်ရသည်။ အိမ်မှာ ငြိမ်ငြိမ်နေပါဟု သမီးက မှာမြဲဖြစ်သော်လည်း အလုပ် မသွားခင် ချက်ပြုတ်ပြီး ချထားတတ်သော ပန်းကန်ခွက်ယောက် အချို့ ကျန်သည်ကို ဆေးကြောရသည်။ အခန်းတစ်ဝိုက်ကို လှည်းကျင်းရသည်။ ဖုန်သုတ်ရသည်။ အဝတ်ဟောင်းများ ရှိလျှင် ရှာဖွေလျှော်ဖွပ်သည်။ အဝတ်စိုများ၊ မနေ့က မခြောက်သေးသည့် အဝတ် စိုဖန့်ဖန့်များကို နေပြရသည်။

တစ်ချက်မျှ ထိုင်နေသည်၊ နားနေသည် မရှိဘဲ တတောက်တောက် လုပ်နေလိုက်သည်မှာ နေ့လယ်စာ စားချိန်သာ တိုင်ပါရော။ ထို့နောက်တော့ နေ့လယ်ခင်း တီဗွီက လွှင့်သော တရားနာသည်။ ပြီးလျှင် တစ်ရေးတစ်မော အိပ်လိုက်သေးသည်။ ညနေခင်း ရောက်လျှင်လည်း ဟင်းအိုးကလေး နွှေးတာမျိုးကအစ အိမ်ထဲ ဟိုဟိုသည်သည် ခေါင်းစဉ် တပ်စရာ မည်မည်ရရမရှိဘဲ အလုပ်မရှိ အလုပ်ရှာ နေတတ်သည်မှာ ဝရန်တာ၌ သမီးအပြန် မျှော်ရချိန် အထိတိုင်ပင်။

သမီးကလေးကတော့ သူ တကုပ်ကုပ် လုပ်ထားနှင့်သည်များကို မြင်လျှင် နှုတ်က စူပွပွ ရေရွတ်မြဲ။ သို့သော်လည်း အမေလုပ်သူမှာတော့ ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်နေရတာထက် သည်လို အလုပ်ကလေးတွေ လုပ်နေရမှ နေသာသည်ကို သိရှာမည်မဟုတ်။ တစ်နေကုန်နေ၍မှ စကားပြော ဖော်မရှိသော အခန်းထဲ ဘယ်သို့ နေပျော်အောင် ကြိုးစားရသည်ကို သမီးလေး သိရှာမည် မဟုတ်ပါပေ။

သည်မြို့ပြဝန်းကျင်၌ တစ်ဦးနှင့်တစ်ဦး အတော်ပင် သူစိမ်းဆန်နိုင် ကြသည်ကို ဒေါ်ရွှေကျော့က ယခုတိုင် အံ့အားသင့်ဆဲ။

မျက်နှာချင်းဆိုင် အခန်းကိုပင် သမီးတို့ ဝင်ထွက်သည်ကို မကြုံဖူးသလို သူတို့တစ်တွေလည်း ခြေဦးလှည့်သည်ကို မမြင်ရ။ ရောက်စကတော့ သီးသန့် နေတတ်ကြသည်ကို အထူးအဆန်း ဖြစ်ရသေးသည်။ "မရင်းနှီးကြဘူးလား သမီးရယ်" ဆိုတော့ ဝတ်ကျေတန်းကျေ ပြုံးပြတာမျိုးတော့ ရှိပါသည်ဆိုလား။

ဒေါ်ရွှေကျော့က ရင်ဘတ်ဖိကာ အံ့အားသင့်လျှင် "မြို့မှာ ဒီလိုပဲလေ အမေရဲ့" ဟု သမီးက ရယ်မောဏ်။ ရန်ကုန်၌ ခုနစ်နှစ်၊ ရှစ်နှစ်မျှ နေထိုင်ကျင်လည်ခဲ့သော သမီးအတွက်တော့ မိခင်၏ အံ့သြတကြီး နိုင်မှုများသည် ရယ်မောဖွယ်သာတည်း။ ခုတော့လည်း သမီးငယ်စဉ် တုန်းက လက်ညှိုးကလေး တည္ထွန်ည္ထွန်နှင့် မေးခွန်းများစွာ မေးတတ်သလို သူက တစ်ပြန်တစ်လှည့် မေးမြန်းနေရသည်။ မြို့ပြစာသင်ခန်းတွင် သူသည် ယောင်ချာချာ။

သည်မှာ နေထိုင်ခဲ့သော ခြောက်လအတွင်း ဒေါ်ရွှေကျော့ နေပျော်သည့် အချိန်မှာ သမီးလုပ်သူနှင့် စကားစမြည် ပြောရချိန် များသာတည်း။ သို့သော်လည်း သမီးက သူ့အတွက် အချိန်များများ ပေးနိုင်တော့သည် မဟုတ်။ အိမ်ပြန်လာလည်းပဲ အလုပ်က ပါလာတတ်သည် ဆိုလား။ ကွန်ပျူတာဟု ယခုတော့ နာမည်ခေါ်တတ်ပြီ ဖြစ်သည့် စက်များရှေ့ တကုပ်ကုပ် အလုပ်ရှုပ်လျှင် သူ့မှာ သနားနေရသည်။ သည်အသက်အရွယ် ရောက်လည်းပဲ စာကျက်ရသေးသည်ကို သနားမဆုံး ရှိရသည်။ ဒါနှင့်ပင် ဒေါ်ရွှေကျော့သည် မြို့ပြဘဝအပေါ် ဘယ်လောက် စိတ်ပင်ပန်းသော်ငြား သမီးကို လေသံမျှ ဟခဲ့သည် မရှိပေ။

ဘယ်လိုပင် သူ အနေရခက်သည် ဖြစ်သော်လည်း ကြိုးစား၍ နေထိုင်ခဲ့

သည်ပင်။ အခန်းကျဉ်းသည်ကို တဖြည်းဖြည်းနှင့် သည်းခံနိုင် လာသည်။ လေသန့်သန့် မရှူရှိုက်ရသည်ကို မေ့လျော့နိုင်လာသည်။ ကောင်းကင် ကျယ်ကျယ်ပြောပြော မမြင်ရခြင်း၊ သစ်ပင်များ စိမ်းစိမ်း လန်းလန်း ပေါ ပေါများများ မတွေ့မြင်ရခြင်းကို မျက်ကွယ်ပြု နိုင်လာသည်။ အစားအသောက်ပုံစံ ကွာဟသည်ကို မပြောတတ်သလောက် ဖြစ်လာသည်။ သို့သော် သူ ယခုတိုင် နေသားမကျသည်မှာတော့ တံခါးတစ်ချပ် ပိတ်လိုက် သည်နှင့် ပြင်ပလောကနှင့် ကင်းကွာတော့မလို သီးသန့် ဆန်လှသည့် ဘဝ ကိုသာတည်း။

"ငတို့ရွာမှာတော့ ဒီလို ဘယ်ဟုတ်ပါ့မလဲ" ဟု ဒေါ်ရွှေကျော့က တစ်ယောက်ယောက်ကို ပြောနေသလို တီးတိုးရေရွတ်မိသည်။ ဘေးဘီတွင် မိတ်ဆွေပေါင်းဖော်များ ရှိသလို တစ်ခဏ ထင်ယောင် မှားမိသေးသည်။ သို့သော် အသေအချာ ငဲ့ကြည့်လျှင်တော့ ကိုယ်တစ်ယောက်တည်းပါ လား ကွယ်။

တစ်ယောက်တည်းဟု အမှန်ကို သိမြင်သော်လည်း တွေးလက်စ အတွေး ကိုကား မရပ်နိုင်။ ဒေါ်ရွှေကျော့သည် သက်ပြင်းတစ်စကို လေးလေးတွဲ့တွဲ့ ချမိသည်။ သူ့မျက်ဝန်းတွင်ကား ရွာကလေးကို ပုံဖော် မြင်ယောင်လျက်။

လွန်ခဲ့သော ခြောက်လကျော် ခုနစ်လလောက်ကတော့ ဒေါ်ရွှေကျော့၏ မြန်မာနိုင်ငံ မြောက်ပိုင်းက ဇာတိရွာကလေးတွင် အများသူငါ စိတ်ဝင်စား ကြသော သတင်းတစ်ရပ် ဖြစ်ထွန်းခဲ့လေသည်။ ဒေါ်ရွှေကျော့ ရန်ကုန် ပြောင်းမလို့တဲ့ဟေ့ဟု ရွာကလူများသည် အချင်းချင်း လက်တို့ကြရ၏။ သူ တို့အားလုံးသည် ကိုယ့်မိတ်ဆွေ ရောင်းရင်းမို့ ကြိုတင် လွမ်းဆွတ်ရသည် က တစ်ဖက် ဖြစ်သော်လည်း အားကျတာကတော့ ပိုပေသည်။ တကယ် တော့ ရန်ကုန်ဆိုသည်မှာ သူတို့အတွက် အိပ်မက်မြို့ တစ်ခုပမာ။ ရွှေတိဂုံ

ဘုရားကို ဖူးရလျှင် သေပျော်ပြီဟု သူတို့ပြောတတ် ကြသည် မဟုတ်လား။ တိုက်တာ အဆောက်အအုံများ၊ ကားအလှလေး များကို ဗီဒီယို ဇာတ်ကား များ၌ ငေးမောချင်စဖွယ် မြင်ရတတ်သည့် ရန်ကုန် မဟုတ်လား။ ယခုတော့ ထိုရန်ကုန်တွင် ဒေါ်ရွှေကျော့က အခြေချရ မည်တဲ့။ ဒါသည် အားကျစရာ ပေပဲ။

"ဟော့ မယ်ရွှေကျော့ရေ... သမီးလေးက ဒီလို သိတတ်တာ တကယ် ဝမ်းသာစရာပဲကော... ကိုယ့်အမေကို မြို့ကြီးပြကြီးမှာ လုပ်ကျွေး ပြုစုမယ် ဆိုတာ နည်းနည်းနောနော သိတတ်တာမှ မဟုတ်ဘဲနော့" ဟု တစ်ဖက်ခြံ က ငယ်သူငယ်ချင်း မယ်နှင်းယုံက ဆိုလျှင် သူ့မှာ ပြုံးသာနေရသည်။

တကယ့်တကယ်မှာတော့ သူသည် ရွာက ခွာချင်သည်မဟုတ်။ အဝေးက သမီးလုပ်သူကို လွမ်းဆွတ်လှတာ မှန်သော်လည်း သည်လို ဇာတိချက်မြှုပ် ရွာကို စွန့်ခွာရမည် ဆိုတော့ အတော်ပင် ဝမ်းနည်းရလေသည်။

ခြံထဲမှ ပန်းပင်၊ သစ်ပင်လေးများကလည်း ခုမှပင် ပို၍ စိမ်းမြ လှပလာ လေသလား မသိ။ မိတ်ဆွေတို့ကလည်း တိုး၍ ခင်တွယ်စရာ ကောင်းလာ သည်။ မိုးရာသီ၌ ဗွက်ထကာ နွေရာသီတွင် ဖုန်ထူမြဲဖြစ်သော ရွာလမ်းမ ပေါ်၌ လျှောက်ရစဉ်မှာပင် သည်လမ်းပေါ် နောင် ဘယ်သောအခါ ပြန် ရောက်မည် မသိဟု ဝမ်းနည်းနေသည်။

သည်လမ်းပေါ် သူတို့ ကလေးဘဝက ပြေးလွှား ဆော့ကစားခဲ့ ကြသည်။ ကျောင်းတက်ခဲ့ကြသည်။ ကျောင်းကထွက်၍ လယ်ထဲဆင်း ရချိန်မှာလည်း သည်လမ်းကပဲ လယ်ပြင်တောကို သွားခဲ့ကြရသည်။ ဟော... အပျိုအရွယ် ရောက်ကာ ချစ်ခင်ရသူနှင့် တွေ့ကြုံရတော့လည်း သည်လမ်းပေါ်မှာ လသာ ချိန် စကားပြောဖူး ရပြန်သည်။ အိမ်ထောင်ကျ၊ သားသမီးများ ရလာချိန်မှာ လည်း ကလေးတို့သည် ကျောင်းတက်ရာ၊ ဆော့ကစားရာတွင် သည်လမ်းမ

ပေါ်ပင် ကျင်လည်ကြပြန်သည်။ သံသရာ တစ်ပတ်လည်ခြင်း။

ခုတော့လည်း ရာသီအလီလီ ပြောင်းခဲ့ပြီကော။ သားနှင့် သမီးပင် ပညာစုံခဲ့ပြီ။ သားကတော့ သည်ရွာကလေး တည်ရှိသည့် ခရိုင်မြို့မှာပင် အိမ်ထောင်ကျကာ အခြေချနေပြီ။ သားသမီးပင် ထွန်းကားနေပြီ။

မိဘများရှိသည့်ရွာသို့ တစ်နှစ်လျှင် မိသားစု အစုံအလင် တစ်ကြိမ်၊ သူတစ်ယောက်တည်း ငါးကြိမ်၊ ခြောက်ကြိမ်တော့ ရောက်တတ်သည်။ တစ်နယ်တည်းမှာပင် ရှိသည်မို့ အဝေးရောက်နေသော သမီးလောက်တော့ မလွမ်းရတာ အမှန်ပင်။

သမီးလေးကတော့ ပညာပို၍ ထက်မြက်ပြီး ရည်ရွယ်ချက်ကလည်း အစ်ကိုထက် မြင့်မားသူ။ မန္တလေး တက္ကသိုလ်တွင် ဘွဲ့ရချိန်ကတည်းက ရန်ကုန်မြို့၌ အခြေချတော့သည်။ မြို့ကလေးသို့ ပြန်မလာပြီ။ တစ်နှစ်လျှင် တစ်ကြိမ်သာ အနိုင်နိုင် ပြန်လာနိုင်ရှာသည်။ အပြန်ခက်သော လမ်းကို ရွေးသည့် အတွက်တော့ သမီးလေးကို သူ ဘယ်တော့မှ အပြစ် မမြင်ခဲ့ပါပေ။ ရံဖန်ရံခါတော့ သတိရ လွမ်းဆွတ် လှပေသည်။ သမီး ကြိုက်တတ်သော ဟင်းကလေးများ ချက်ရချိန်တိုင်း ကျွေးမွေးချင်စိတ် ပေါ်ရမြဲ။ သမီး ဖုန်းဆက်မည် ဆိုသော နေ့များ၌ လည်ပင်းရှည်အောင် မျှော်ရမြဲ။ သမီး ပြန်လာတတ်သည့် သင်္ကြန်ပိတ်ရက်ကတော့ အပျော်ဆုံး ကာလများပါပဲ။

သို့သော်လည်း အလုပ်ပိတ်ရက် ကုန်ဆုံး၍ ရွာမှ သမီးပြန်ချိန်တိုင်း ဒေါ်ရွှေကျော့ တိတ်တဆိတ် မျက်ရည်ကျရပါသည်။ သမီးကလေး အိမ်က မထွက်ခင်အထိ သူ ပြုံးနေတတ် သော်လည်း သမီးကို တင်သွားသည့် ဆိုင်ကယ် တဖြည်းဖြည်း ဝေးပြီဆိုလျှင်တော့ မျက်ရည် ကျမိတတ်၏။ အဘိုးကြီး မြင်မည်စိုးသည်နှင့် ဟန်ဆောင်ရပြန်သည်။ သို့သော်လည်း နှစ်သုံးဆယ်ကျော် လေးဆယ်နီးပါး အရိပ်ကြည့်ခဲ့သူ မဟုတ်လား။ မျက်နှာကို

အကဲခတ်ရုံနှင့်ပင် စိတ်ကို အလွယ်တကူ သိနိုင်သူ။

သူကတော့ ယောကျ်ားသားမို့ ခံစားချက်ကို ဖော်ပြတတ်သူ မဟုတ်ပေ။ ဒေါ်ရွှေကျော့ကိုပင် တစ်ပြန် တစ်လှည့် နှစ်သိမ့်တတ်သေး၏။

"ကလေးတွေဟာ ငှက်ကလေးတွေလိုပါပဲ ရွှေကျော့ရယ်။ အတောင်စုံရင် အသိုက်ကို ဘယ်ပြန်လာပ့ါမလဲ" ဟု အဘိုးကြီးက ပြောတတ်မြဲ။

တကယ်ပင် တစ်နှစ် တစ်ကြိမ်တော့ မှန်မှန် ပြန်လာတတ်သော သမီးသည် ရန်ကုန်၌ပင် အိမ်ထောင်ကျ၍ အခြေကျပြီးချိန်မှာတော့ မိဘများဆီ နှစ်စဉ် ပုံမှန် ပြန်မရောက်နိုင်ပြီ။ ဒေါ်ရွှေကျော့သည် သမီး ပြန်မလာတတ်သော နွေဦး ရာသီများတွင် ဘယ်ကို မျှော်ရမည်မသိ ယောင် တောင်တောင် ဖြစ်ရသေးသည်။

သို့သော် နောက်ဆုံးတော့ သူ မမျှော်တော့ပါပေ။ အဝေးမှာပေမဲ့လည်း သမီးလေးဘဝ လှပနေဖို့ လိုရင်း မဟုတ်လားကွယ်။ သမက်လုပ်သူက လည်း ရိုးသား အေးချမ်းသူ၊ ကြိုးစားသူမို့ သမီးကို စိတ်ချရပေပြီ။

"နောက်ဆုံးတော့လည်း မင်းနဲ့ ငါနဲ့ပဲ ကျန်ခဲ့တာပေ့ါ ရွှေကျော့ရယ်" ဟု ပြောတတ်သော အဘိုးကြီးသည်လည်း ခုတော့ ဒေါ်ရွှေကျော့ကို ထားရစ်ခဲ့ ပေပြီ။

သုံးနှစ်ဆိုသည်မှာ တစ်ယောက်တည်း ကျော်ဖြတ်ရချိန်တွင်တော့ ကာလ ပိုရှည်သား။ သို့သော် အဆွေအမျိုး မဟုတ်လည်း နွေးထွေး ဂရုစိုက်ကြ သော ချစ်စဖွယ်အလေ့ ကြီးစိုးသည့် ရွာကလေးတွင် သူ နေပျော်ခဲ့သားပင်။

အသက်ကလည်း ခြောက်ဆယ်စွန်းပြီမို့ နားအေးပါးအေးသာ နေတတ် လာသည်။ လယ်ယာကိုလည်း တူ၊ တူမတို့ လက်အပ်ကာ လှည့်မကြည့်ဘဲ နေနိုင်သည်မို့ ပူစရာမလို။ အသက်လည်း ကြီးလှပြီ။ ဘာများ အပိုကုန်စရာ

ရှိလို့လဲ။ သားနှင့် သမီးက ပို့ပေးတတ်သော ငွေကြေးများနှင့်လည်း လှူတန်း နိုင်သေးသည်။ တရားအလုပ် လုပ်နိုင် သေးသည်။ သည့်ထက် စိတ်ချမ်းသာစရာ ဘဝ ရှိမည်မထင်။

သို့သော်လည်း သမီးလုပ်သူက အမေကို အဝေးမှာ မထားလိုတော့ဘူး ဆိုပါလား။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက တစ်ကြိမ် သေကောင် ပေါင်းလဲ ဖျားနာလိုက် ကတည်းက သမီးက သည်စကားကို တဖွဖွ ပြောတတ်လာသည်။ သားကလည်း ထို့အတူ။

နောက်ဆုံးမှာတော့ သမီးကိုသာ ပို၍ အားကိုးသည်မို့ သမီး ဆုံးဖြတ်သမျှ နာခံရတော့သည်။ ဒါနှင့်ပင် ရွာကို စွန့်ခွာဖို့ ဆုံးဖြတ်ရသည်။

တကယ်တော့လည်း ရွာကို စွန့်ခွာဖို့ ဆိုသည်မှာ အပြောတော့ အလွယ်သား။ သမီးကို ချစ်ခင် အားကိုး၍သာ ပြောမထွက်သည်။ သို့သော် ဒေါ်ရွှေကျော့က ရွာက မခွာချင်ပြီ။ ရွာမှာသာ ခေါင်းချလိုသည်။

ရပ်ရွာကတော့ သမီး အစီအစဉ်ကို ထောက်ခံကြသည်လေ။ တစ်ယောက်တည်းမို့ ရပ်ရွာက ကြည့်ရှုနိုင်သော်ငြား သမီးရင်းလောက်တော့ ဘယ်သူက ကောင်းနိုင်မည်လဲ။ ဘေးဘီက နားချသည့် စကားများနှင့် နောက်ဆုံးတော့ ဆုံးဖြတ်ချက် ချရသည်။ ရွာကို စွန့်ပါမည်။

ငယ်ကတည်းက လူမှန်း သိတတ်စကတည်းက လည်ပင်းဖက် ပေါင်းလာသည် ဖြစ်သော ငယ်သူငယ်ချင်း မိတ်ဆွေရင်းတို့ကတော့ ဝမ်းသာခြင်း တစ်ဖက်၊ ဝမ်းနည်းခြင်း တစ်ဖက်ပါတကား။ သွားရပါတော့မည် ဆိုသည့် နေ့ရက်မတိုင်မီ မယ်နှင်းယုံနှင့် မယ်ငွေစိုးတို့သည် နေ့စဉ်နှင့်အမျှ ဆိုသလို သူ့အိမ်ဆီ ရောက်လာတတ်ကြသည်။ သူတို့တွင် ပြောစရာ စကားမကုန်။ ရောက်တတ်ရာရာဟု ဆိုနိုင်သော်လည်း စင်စစ်တော့ ကြိုတင် လွမ်းနှင့်သော စကားများပါပေ။

"ငါတို့ဆီ စာလေး ဘာလေးတော့ ရေးပါဦးနော့။ ငါတို့လည်း ဘုရားဖူးလေး လာချင်သား။ လာရင်တော့ တွေ့ရတာပကွယ်"

မယ်နှင်းယုံက လွမ်းလွမ်းဆွေးဆွေး ပြောလျှင်တော့ မျက်ရည်ဝဲ ချင်သည်။

"စာရေးတော့လည်း အဘွားက စာဖတ်နိုင်မှာမို့လား" ဟု မယ်နှင်းယုံ၏ မြေးကလေးက ဝင်ပြောလျှင်တော့ သူတို့သည် မျက်ရည်ဝဲကာ အလွမ်းဇာတ် ခင်းချင်သည်ကို မေ့လျော့ ရယ်မောရသည်။

"မဖတ်နိုင်လည်း မင့်ဖတ်ခိုင်းမှာပေါ့ ဒီကောင်လေးဟာ"

သူငယ်ချင်း ရောင်းရင်းတို့သည် ဒေါ်ရွှေကျော့တစ်ယောက် ပစ္စည်း ပစ္စယများ သိမ်းဆည်းစပြုလျှင်ပဲ မျက်နှာမကောင်းနိုင်။ ငယ်ကတည်းက စိတ်အင်မတန်နုသော မယ်ငွေစိုးကတော့ ပို၍ မျက်နှာ မကောင်း ဖြစ်ရှာသည်။ တစ်ချက်တစ်ချက် မျက်ရည်အဝဲသား ဖြစ်ရှာသည်။

ထိုရက်များထဲ သမီးလုပ်သူကတော့ ရောက်မလာသေး။ စောင့်စားရဆဲ။ ပစ္စည်းများကိုတော့ သိမ်းဆည်းပြီးပြီ။ အိမ်ကိုတော့ ဘယ်သောအခါ ပြန်ရောက်မည် မသိနိုင်လေရာ တူမလက်သို့သာ အပ်ရသည်။ သားကလည်း ရွာကို ခြေဦး လှည့်နိုင်မည် မဟုတ်။

"အရီး ပြန်လာချင်တဲ့အချိန် ပြန်လာနော့။ အရီးမရှိတုန်းတော့ စိတ်ချ ဒီအိမ်ကို ကျွန်မ ကြည့်ထားမယ်"

"အိုကွယ်... ရန်ကုန်လို မြို့ရောက်မှတော့ မယ်ရွှေကျော့ တော ပြန်လာစရာလား"

"အရီးငွေကလည်း ကျွန်မတို့ ရွာလောက် ဘယ်မှာ ပျော်စရာ ကောင်းပါ့မလဲ" ဟု မြို့ပေါ်ပင် အကြိမ်ရေ အနည်းငယ်သာ ရောက်ဖူးသော တူမက အံ့

အားသင့်စရာ စကားဆိုသည်။ သည်တုန်းကတော့ ဒေါ်ရွှေကျော့က တူမ ချောစကားကို ပြုံးသာနေခဲ့သည်။

"ခုတော့လည်း အေးသာစကား သတိရသေးတော့တယ်"

သည်တစ်ကြိမ်တော့ တစ်ယောက်တည်း ဖြစ်မှန်းသိသိနှင့် စကားတီးတိုးဆိုမိသည်။ ဘေးဘီကိုလည်း ဘယ်သူရှိနိုး ယောင်ယမ်း လှည့်မကြည့်တော့ပါ။ တစ်ယောက်တည်း ဆိုသည်ကို သတိရပေပြီ။

ဒေါ်ရွှေကျော့၏ မှိုင်းညို့ညို့ မျက်ဝန်းများတွင်တော့ ရွာမှ သူ ထွက်ခွာခဲ့သည့်နေ့ကို ပြန်လည် မြင်ယောင်နေသည်။ စက်လှေထဲ သူ ရောက်သည်အထိ မိတ်ဆွေတို့က လိုက်ပို့ကြသည်။ ထို့နောက် ကမ်းစပ်တွင် ငေးမော ရပ်ကျန်ရစ်သည်။ လက်ပြ နှုတ်ဆက်ကြသည်။ မယ်နှင်းယုံနှင့် မယ်ငွေစိုးတို့တရှုပ်ရှုပ်နှင့် မျက်ရည် သုတ်ကြသည်ကို ဝိုးတဝါးမြင်ရသည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည် ရစ်ဝိုင်းသည်မို့ မြင်ကွင်းက မကြည်လင် တော့ပါပေ။

သမီး လက်ကလေးကို ဆုပ်ကိုင်ရင်း ထိုမြင်ကွင်းကို ငေးမောနေ လိုက်သည်မှာ စက်လှေကမ်းက ခွာသည် အထိပါပဲ။ ထို့နောက်မှာတော့ စက်လှေ အခုတ်တွင် ရွာမြင်ကွင်းသည် တရိပ်ရိပ် နောက်မှာ ကျန်ရစ်၏။ ရွာဦးစေတီကို အဖြတ်၌ လက်အုပ်ချီမိုး ကန်တော့ရသည်။ ဒါသည် နောက်ဆုံးပေလား။ သူ မပြောတတ်နိုင်။

စိမ်းမြသော လယ်ပြင်တော၊ ကိုင်းပင်များ၊ ချောင်းရေပြင်ထက် ပျံ့ဝဲသော ငှက်ငယ်များ၊ ရေစီးမှာ မျောပါသော ဗေဒါအုပ်များ၊ ရွာစဉ်တန်းများ။ မြင်ကွင်း အားလုံးသည် လွမ်းဖွယ် အတိသာတည်း။

ခုတော့လည်း မြို့ပြနေ့ရက်သည် ခြောက်လသို့ပင် တိုင်ခဲ့လေပြီ။ သမက် လုပ်သူမှာ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရန် ထွက်ခွာခဲ့ပြီဖြစ်၍ အိမ်တွင် သမီးနှင့် ဒေါ်ရွှေကျော့ နှစ်ဦးတည်းသာ။ သမီးကလည်း အလုပ် တစ်ဖက်နှ

င့်မို့ နောက်ဆုံးတော့ တစ်ယောက်တည်းပါပဲ။

သမီးသည်လည်း မိခင်ကိုတော့ ရတတ်သမျှ အချိန်လေးမှာ ကြိုးစား၍ ဂရုစိုက်ရှာသည်။ ခုတလောတော့ စာမေးပွဲတစ်ခု ရှိသည် ဆိုလား။ အိမ်ပြန်ရောက်လည်းပဲ စာအုပ်နှင့် ကွန်ပျူတာနှင့် အလုပ်များ တတ်သည်မှာ မိခင်ကြီး စကားပြောလို သည်ကိုပင် မေ့လျော့နေရှာ ထင်ပါရဲ့။ ဒေါ်ရွှေကျော့မှာတော့ ငယ်တုန်းကလို သမီးစာကျက်ချိန် ဘေးကနေ ယပ်ကလေး ခတ်ပေးချင်သား။ သို့သော် ပန်ကာက တဝီဝီ လည်ကာ အအေးဓာတ် ပေးလေသည်။

လျှပ်စစ်မီး အလင်းအောက်၌ သမီးလေး၏ မျက်နှာအလှကို ငေးရသည်နှင့်ပင် နေ့ခင်းချိန်တိုင်း အထီးကျန်သမျှလည်း ပျောက်ပါရော။

"အေးအေးလူလူ နားနေပါ အမေရယ်" ဟု သမီးက ပြောမြဲဖြစ်သော်လည်း ဒေါ်ရွှေကျော့မှာ ဘာများ လုပ်ပေးရပ့ါဟု သမီးအနား ရစ်သီတတ်သည်။ လက်ဖက်ကလေးများ သုပ်ကျွေး၍ သမီးက နှစ်နှစ်ခြိုက်ခြိုက် စားလျှင် သူ့မှာ ကျေနပ်နေရသည်။ ကော်ဖီ ဖျော်ပေးရလျှင်လည်း နှစ်သိမ့်ပီတိ ဖြစ်မဆုံး။

တကယ်တော့ သမီးကို ငယ်တုန်းကလိုပင် ဒေါ်ရွှေကျော့က ကိုယ့်ခြေကိုယ့်လက် ပြုစုလိုသေးသည်။ သို့သော် သမီးက အမေကို ခွင့်မပြုပြီ။ လျှပ်စစ်နှင့်သာ ချက်ပြုတ် သုံးစွဲရသည်မို့လည်း ဒေါ်ရွှေကျော့က မဝံ့ရဲ။ သူသည် တစ်သက်လုံး ထင်းမီးနှင့်သာ ချက်ပြုတ်လာသူ။ တစ်ခါ တစ်ရံတော့ သမီးကို သူ့လက်ရာကလေးများ ချက်ကျွေးချင် သေးသည်။ သို့သော် ယခုအထိတော့ သူသည် ကလေးငယ်ပမာ တစ်ကျော့ပြန် ဖြစ်လျက် သမီးကလေးက လုပ်ကိုင်ပေးသမျှ ကိုသာ ခံယူနေရသည်။

ကြာတော့လည်း လူပိုတစ်ယောက်ပမာ ခံစားချက်သည် မကြာခဏ ဆို

သလို တိုးဝင် လာတတ်ပါသေးသည်။ သို့သော် သမီးရှေ့တွင် မည်သည့်အခါမျှ မဖွင့်ပေ။ မနေပျော်သော မြို့ပြတွင် မနေပျော်သည်ကိုလည်း နှုတ်က မဟပါပေ။

"သမီးနဲ့နေရတာ ပျော်တယ် မဟုတ်လား အမေရယ်" ဟု သမီးလေးက မေးတိုင်း ရယ်မော ခေါင်းညိတ်မြဲ။

နံနက်ခင်း ရောက်ပြီ ဆိုလျှင်တော့ ဒေါ်ရွှေကျော့၏ အထီးကျန် ဇာတ်သည် တစ်ပတ် လည်မြဲပင်။

သမီးသည် ထုံးစံလိုပင် မိခင်ကို မှာတမ်းများစွာ မှာကြားကာ အိမ်က ထွက်တတ်သည်။ သော့မဖွင့်ပေးဖို့ အတန်တန် မှာသည်ကို ဒေါ်ရွှေကျော့က နားမလည်။ သို့သော်လည်း သမီးစကားကိုတော့ နာခံကာ မည်သူ့ကိုမျှ သော့ဖွင့်မပေးပေ။

တစ်ခါတစ်ရံတော့လည်း အလှူခံများသည် လေးထပ်အထိ မောမောပန်းပန်း တက်လာသည်ကို ရေကလေး တစ်ပေါက်မျှ မတိုက်နိုင်ဘဲ၊ တံခါးပင် ဖွင့်မပေးနိုင်ဘဲ သံပန်းတံခါးမှ လက်လှမ်းကာ အလှူငွေ ပေးရသည်ကို အားနာနေသည်။ သို့သော် သူတို့ မျက်နှာတွင်တော့ ဘာမှလည်း အဆန်းတကြယ် အမူအရာ မတွေ့ရ။ သမီးကတော့ ဒါမြို့လေ အမေရဲ့ဟု ဆိုဦးမလားမသိ။

တစ်ခါတလေ တော့လည်း ပစ္စည်း လာရောင်းသည် ဆိုသော လူငယ်လူရွယ်များ ရောက်လာ တတ်သေးသည်။ မယူသေးပါဘူး ကွယ်ဟု ဆိုရတိုင်းလည်း အားနာနေပြန်သည်။ သူတို့ မမောကြဘူးလား ကွယ်ဟု ကြံကြံဖန်ဖန် သနားနေပြန်သည်။

ဒေါ်ရွှေကျော့သည် တစ်နေ့လုံးနေ၍မှ အောက်ထပ်သို့ တစ်ကြိမ်ပင် ဆင်းသည်မဟုတ်။ ဆင်းစရာလည်း အကြောင်းမပေါ်။ သမီးက သူ အောက်

ဆင်းရသည် မရှိအောင်ပင် ပြည့်စုံအောင် ထားခဲ့သည်။ သမီး ရုံးပိတ်သော ရက်တွင်တော့ ဈေးလေး ဘာလေး ရောက်သားပဲ။ ညနေခင်းများ၌ လမ်းလျှောက် ဖြစ်သားပဲ။ ရွှေတိဂုံ ဘုရားသို့လည်း သမီးက ရံဖန်ရံခါ လိုက်ပို့တတ်သည်။

ရွှေတိဂုံဘုရားကို ဖူးရတိုင်းတော့ ဒေါ်ရွှေကျော့သည် ရွာက မိတ်ဆွေတို့ကို တမ်းတ တတ်လေသည်။ သူတို့သည် ရွှေတိဂုံကို ဖူးမြော် လိုကြသည်။ ရွှေတိဂုံကို ဖူးရရင် သေပျော်ပါပြီဟု အခါခါမြည်တမ်း တတ်ကြသည် မဟုတ်လား။ ထိုမိတ်ဆွေတို့ကို လက်ဆွဲခေါ်ကာ ဘုရား ဖူးစေချင်ခဲ့သည်။ ခုတော့လည်း လက်ဆွဲခေါ်နိုင်လျှင်ပင် ဆွဲခွင့်မသာ တော့ပြီ။

"ဩော်... မယ်နှင်းယုံ... မယ်နှင်းယုံ"

မယ်နှင်းယုံ၏မျက်နှာ ပြည့်ပြည့်ဝန်းဝန်းက ရှေ့တွင်ပင် ထင်းလင်း နေသလို ဒေါ်ရွှေကျော့စိတ်၌ ထင်လာသည်။ မျက်ရည်ဝဲချင်သည်ကို ထိန်းကာ ပင့်သက်ရှိုက်မိ၏။

ခုတော့လည်း တစ်လကျော်မျှ ရှိခဲ့ပြီမို့ ခံစားသမျှ ဟောင်းနွမ်း ခဲ့ပြီဟု ဆိုကောင်း ဆိုနိုင်သည်။ သို့သော် တိုက်ဆိုင်ချိန်တိုင်းတော့ နိုးထ တတ်ပေသည်။

ဒေါ်ရွှေကျော့၏ စိတ်သည် လွန်ခဲ့သော တစ်လခန့်ဆီ လွင့်မျောစပြုသည်။ ထိုစဉ်က ညနေခင်း တစ်ခုတွင် သူသည် သမီးထံက သတင်းတစ်ခု ရပေသည်။ မယ်နှင်းယုံအိမ်က သမီးဆီ ဖုန်းဆက်တယ် ဆိုပါလား။

"အရီးနှင်းယုံ နေမကောင်းဘူးတဲ့" ဟုသာ သမီးက အသိပေး သော်လည်း စင်စစ်တော့ သည့်ထက် ပိုမည်ဟု မျက်နှာကို မြင်ရုံနှင့် ဒေါ်ရွှေကျော့က သိနေပါပြီ။ အကျေအလည် အစ်အောက်မေးမှပင် နေ့လား ညလား စောင့်စား နေရပြီ ဆိုသည်ကို သိရ၏။

"ဘယ်လိုများ ဖြစ်ရသလဲ မဆိုနိုင်ဘူး" ဟု ရေရွတ်ကာ ဒေါ်ရွှေကျော့ မျက်ရည်ကျရသည်။

သူ့စိတ်တွင်တော့ သူ့အပေါ် အလွန် အနွံအတာ ခံခဲ့သော သူငယ်ချင်းကို မြင်ယောင်နေသည်။ ရွာကို နှုတ်ဆက်ရသည့်နေ့က ကမ်းပါးတွင် ရပ်နေသော အသွင်ကို မြင်ယောင်နေသည်။ နောက်တစ်ကြိမ် ပြန်တွေ့ရပါ ဦးမလားကွယ်ဟု စိတ်ပူပန်နေသည်။ သတင်းကြားပြီးချိန်က စ၍ မယ်နှင်းယုံကို သတိရတသ နေရသည်မှာ ပြောဖွယ်မရှိ။

"ရွာ ခဏ ပြန်ချင်တယ်ကွယ်" ဟု တီးတိုးဆိုသော် သမီးက မျက်နှာ မကောင်းပေ။

"အလုပ်က ခွင့်ရဖို့ မလွယ်ဘူး အမေရဲ့။ အမေ တစ်ယောက်တည်းလည်း သမီး စိတ်မချဘူး"

မြန်မာနိုင်ငံ မြောက်ဖျားနှင့် တောင်ဖျားမှာ သည်မျှ ဝေးကွာ သည်တဲ့လား။ နောက်ဆုံးတော့ ဒေါ်ရွှေကျော့က ပင့်သက်ရှိုက်ငင်ကာ လက်လျှော့ရသည်။ ဘဝကူး ကောင်းစေဖို့သာ ဘုရားထံပါး ဆုတောင်းရသည်။ စိတ်ပူပန်ရသည့် ကာလသည် တကယ်တော့ သုံးရက်မျှသာ ကြာသည်။ ဒေါ်ရွှေကျော့၏ စိတ်တွင်တော့ သုံးရာသီမက ကြာသည် သို့တည်း။

သုံးရက်မြောက် နေ့တွင်တော့ မျှော်လင့်ထားပြီးသား စကားကို သမီးထံက ကြားရပေသည်။ သူ မယ်နှင်းယုံကို ဘယ်သောအခါမှ တွေ့ခွင့် မသာတော့ပြီ။

ညဦးချိန်တွင်တော့ သမီးက မျက်နှာ အရိပ်တကြည့်ကြည့် ရှိသည်မို့ ဟန်တင်း နေရသည်။ အိပ်စက်ရာ အခန်းလေးထဲ အရောက်တွင်ကား မျက်ရည်တို့ကို မထိန်းနိုင်ပြီ။

ဒေါ်ရွှေကျော့၏ နားထဲတွင် သူငယ်ချင်း၏ ရယ်သံကို ပြန်လည် ကြားယောင် နေသည်။ သည်အသက်အရွယ်သို့ ရောက်လာကြသည့်တိုင် သူ့အပေါ် ညီမငယ် တစ်ယောက်ပမာ ဂရုစိုက် ချစ်ခင်ခဲ့သည်ကို သတိရနေသည်။ ရွာကျောင်းဆီ အတူလက်တွဲ ပြေးလွှားခဲ့ဖူးသော အချိန်များ၊ ရွာ့အပြင် လယ်ပြင်တောဆီ အတူ လျှောက်ခဲ့ကြသော နေ့ရက်များ၊ သူ့လယ်ကိုယ့်လယ် လယ်ယာ အလုပ်များထဲ အတူ ပင်ပန်းခဲ့သော ကာလများ၊ သားသမီးများကြောင့် စိတ်ပင်ပန်းချိန် အတူ အားပေးခဲ့မှုများ၊ ခင်ပွန်းသည် ဆုံးပါး၍ မုဆိုးမများ ဖြစ်လာချိန် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှင်သန်ခဲ့မှုများ။ အို... အမှတ်တရများက ဆုံးပဲ မဆုံးနိုင်။

ဒေါ်ရွှေကျော့သည် "မယ်နှင်းယုံရေ" ဟု တိုးသဲ့သဲ့ ညည်းတွားကာ မျက်ရည်တွေတွေ ကျရသည်။ ရွာကသာ မထွက်လာရင် မယ်နှင်းယုံရဲ့ နောက်ဆုံး အချိန်မှာ အတူရှိရမှာပေါ့။ အခုတော့ နောက်ဆိုရင်လည်း ဘယ်သူပဲ နေမကောင်းတယ် ဆိုဆို၊ ဆုံးတယ်ဆိုဆို၊ ငါ့မှာ တွေ့ခွင့်သာမယ် မဟုတ်ဘူး။ အတွေးများ တဝေ့ဝေ့လည်ကာ အဲသည်ညက အိပ်မပျော်။ သို့သော် နောက်တစ်ရက် မိုးလင်းလျှင်တော့ သမီး စိတ်ပူပန်မည် စိုးသည်နှင့် ပုံမှန် မျက်နှာရိပ်ကို ဆင်နေရသည်။

နေ့ရက်များကတော့ ပုံမှန်လည်ပတ်ဆဲ။ ဒေါ်ရွှေကျော့၏ မြို့ပြ နေ့ရက်များသည်လည်း ပုံမှန်သာ တရွေ့ရွေ့ ကုန်ဆုံးမြဲပင်။

သမီးလေး နံနက်ခင်း အလုပ်သွားရန် အိမ်က ထွက်ခွာသည်နှင့် ဒေါ်ရွှေကျော့၏ နေ့ရက်တို့သည် သမားရိုးကျ ပြုနေကျ ကိစ္စများနှင့်သာ ထုံမွမ်း၏။ စိတ်ကို အအားမပေးချင်။ စိတ်သည် နည်းနည်းမျှ အားလပ် လိုက်သည်နှင့် လေလို လွင့်ချင်လေ၏။

လွင့်မျောသွားသော စိတ်အစုံ၌ ရွာကို ရောက်ချင်သည်။ လယ်ပြင်တောထဲ

က လေကို ရှူရှိုက်ချင်သည်။ ချောင်းရေ ချိုးချင်သည်။ ပျဉ်ခင်း ထရံကာ သည့်ဖြစ်သော အိမ်ငယ်ကလေးမှာပဲ နေချင်သည်။ အိမ်ထဲက သီးပင် စားပင်ကလေးတွေကို ပျိုးနေချင်သည်။ ပန်းကလေးများ ပွင့်လာသည်ကို ကြည်နူးလိုသည်။ မိတ်ဆွေ ငယ်ပေါင်းတို့နှင့် ရေနွေးကြမ်းအိုး ရှေ့ချကာ ရေးဖြစ်ဟောင်း အောက်မေ့ဖွယ် ပြောချင်သည်။ ရွာဦးစေတီကို ဖူးချင်သည်။ ရွာဦး ဘုန်းကြီးကျောင်းတွင် မိတ်ဆွေတို့နှင့် တရားနာချင်သည်။ ဥပုသ်သီလ ယူချင်သည်။ မဆုံးနိုင်သော ဆန္ဒများနောက် စိတ်က လိုက်ပြီးသော် လက်တွေ့ဘဝနှင့် အလှမ်းကွာသည်မို့ ကိုယ်၌ အမောများသာ ကျန်လေသည်။

နောက်ဆုံးတော့လည်း စိတ်ကို လျှော့ချသော် ဝရန်တာကိုတော့ ခင်တွယ်ရာ အရပ်ဟု မြင်တတ်လာသည်။

သည့်ဝရန်တာမှ ညနေခင်း နေအေးချိန်တိုင်း လမ်းပေါ်သို့ မျှော်ကြည့်လျှင် မြို့ပြညနေကို လှမ်းမြင်ရသည်။ လူငယ် လူရွယ်တို့သည် အိမ်အပြန် လမ်းသို့ ဦးတည်လျက်။ ကလေးတို့သည် လမ်းပေါ်တွင် ပြေးလွှားလျက်။ ညနေစာ စားသောက်ပြီးပုံရသူ တချို့တလေ လမ်းပေါ် အေးအေးလူလူ လျှောက်နေဟန်ကိုလည်း မြင်ရသည်။

မျက်နှာချင်းဆိုင်သို့ အကြည့်ရွှေ့လျှင်တော့ သူ့လိုပင် သားသမီး မျှော်ဟန်တူသော အမေအိုကို ဝရန်တာတွင် တွေ့ရသည်။ ထိုမိခင်သည်လည်း တစ်နေကုန် တစ်နေခန်း စကားပြောဖော် မရှိသူလား မသိ။ မြေးငယ်တို့လည်း ရှိကောင်းရှိမည်။ သို့သော် မြို့က ကလေးငယ်တို့သည် ကျူရှင်နှင့် ကျောင်းနှင့် မအားလပ်ဘူး ဆိုပါလား။

ရွာမှာတော့ ကလေးငယ်တို့သည် ပြေးလွှား ဆော့ကစားကာ အဘိုးအဘွားများ အနီး စကားတွတ်ထိုးကာ ရှိတတ်မြဲ။ သည်မှာတော့

အဘိုးအဘွား လုပ်ရသည်မှာ အထီးကျန် နိုင်လေမည်လား။ သူ့တွင်တော့ သမီးက ရင်သွေး မယူသေးသည်မို့ ကြိုမသိနိုင်သေး။ မြေးရသည်အထိ အသက်ရှင်လျှင်တော့ တွေ့ရသေးတာပေါ့ကွယ်။

သို့သော်လည်း သမီး၏ ရှေ့ရေး အစီအစဉ်တွင်တော့ ရင်သွေး ယူရေးက လားလားမျှ မပါဝင်သေးပေ။ အဆင်သင့် မဖြစ်သေးဘူး အမေရယ် ဆို တော့လည်း ဒေါ်ရွှေကျော့က နားမလည်ပြန်။ ကလေးတစ်ယောက် ယူဖို့ရာ တို့တုန်းက ဒီလိုတော့ မတွေးခဲ့ရပါဘူး။ ရတနာသဖွယ် ချစ်မြတ်နိုး ရတာ ကိုသာ သတိရနေသည်။

မြို့ပြမှာတော့ ဒေါ်ရွှေကျော့ နားမလည်နိုင်သည့် ပုစ္ဆာတို့က ပိုများတယ် ထင်သည်။ လူမှုရေးရာ နေထိုင်ဆက်ဆံသော ဝန်းကျင်ကိုလည်း နားမ လည်။ တယ်လည်း သူစိမ်းဆန်ပါလားကွယ်ဟု မကြာမကြာ ရေရွတ်ချင် သည်။

ညွှတ်သည် အလွန်မင်သော ကျေးလက်တွင် လူဖြစ်ခဲ့သော ဒေါ်ရွှေ ကျော့သည် အခန်းတွင်း နေရသည်ထက် ဟိုဟိုသည်သည်လေး သွားလာ မိတ်ဖွဲ့ကာ စကားဆိုကာ နေချင်သည်။ ရှေ့က မျက်နှာချင်းဆိုင် အခန်းမှာ လည်း သူ့လိုပင် အမေအို တစ်ယောက်ရှိသည် မဟုတ်လား။

သမီးလေးထွက်ချိန် တံခါးစောင့်ပိတ်တိုင်း ထိုအခန်းဘက် အကြည့် ရောက်လျှင် မျက်လုံးချင်း ဆုံရတတ်သည်။ မျက်မှန်းတန်း၍ ပြုံးပြသည်နှင့် စိတ်မှာ နွေးထွေးရသည်။ ရွာက ငယ်ပေါင်းတို့လို မဟုတ်သော်လည်း မိတ်ဆွေတော့ တွေ့ပါပြီဟု ထင်ခဲ့သည်။ နှစ်ယောက်သား နေ့ခင်း နေ့လယ် စကားဆိုကာ နေရမည် ထင်ခဲ့သည်။

သို့သော် သည်အကြောင်း သမီးကို ပြောပြသော် အိပ်မက်က ပျက်ပါပ ကော။

"အမေရယ် အဲဒီအခန်းက အခန်းရှင်က သမီးတို့ကို ခပ်တန်းတန်းပဲ သိပ် မရင်းနှီးဘူးလေ။ သူ့အမေကြီးကတော့ အမေ့ကို ခင်ပုံပဲ။ ဒါပေမဲ့ အမေ မ သွားပါနဲ့။ သူတို့ ကြိုက်မှာ မဟုတ်ဘူး"

ဒါနှင့်ပင် နောက်တော့လည်း မျက်မှန်းတန်းလျှင် ပြုံးပြခြင်းနှင့်သာ ကျေနပ်ရသည်။ မျက်ဝန်းများမှာ အထီးကျန်ခြင်းကို ပျပျမြင်ရလေသလား မသိ။ ကိုယ်ချင်း စာနာစဖွယ်။ ဒေါ်ရွှေကျော့ကမှ အောက်ကို ဆင်းနိုင် ပြု နိုင်သေးသည်။ ထိုအမေကတော့ လူတွဲပါမှသာ လှုပ်ရှား သွားလာ နိုင် တော့သည်ကို မြင်ဖူး၏။ သည်လို စိတ်သွားတိုင်း ကိုယ်မပါတော့သည့် ဘဝ ဆိုလျှင်တော့ ကျဉ်းမြောင်းသည့် တိုက်ခန်းအတွင်းက ဝန်းကျင်သည် ပို၍ပင် စိတ်ကို မွန်းကျပ်စေမည်လား။

ဒေါ်ရွှေကျော့သည် မရည်ရွယ်ပါဘဲ ပင့်သက်ရှိုက်ရသည်။ ခုတော့ဖြင့် အိမ်ထဲ တတောက်တောက် သွားနိုင် လာနိုင်ပါသေးရဲ့။ ကိစ္စဝိစ္စလေးများ ရှိ လျှင် အောက်ပင် ဖြည်းဖြည်းချင်း ဆင်းနိုင်ပါသေးရဲ့။ စိတ်က ဆောင် သလောက် လူကလည်း ပါနိုင်သေးရဲ့။

တကယ့်တကယ် အိုမင်းမစွမ်းချိန် အိပ်ရာပေါ် ပက်လက်လဲချိန်မျိုး သည် အခန်းထဲ ရှိနေလျှင်ရော။ မမြင်သာသော အနာဂတ်ကို စိတ်စော ပူပန် ဖွယ်ရာ။ သမီးကိုပြောကာ ရွာသို့ ပြန်လျှင်ရော။ သို့သော် သမီးလေးက သည်မှာ တစ်ယောက်တည်း ကျန်ခဲ့ရမည်လေ။ သမီးသည် မြို့ပြတွင်သာ ကျင်လည်ရမည့်သူ။ ပြီးတော့လည်း တည်ဆောက်ခဲ့သော မိသားစု ဘဝ သည်လည်း မြို့ပြတွင်သာတည်း။ သူခင်တွယ်သော ရွာသို့ သမီးသည် အလည် သဘောထက်ပို၍ ရောက်နိုင်မည် မဟုတ်။ ရွာမှာတော့လည်း ပြန် နေဖြစ်လျှင်ပင် မိမိတစ်ယောက်တည်းပါပဲ။ သို့သော် ရွာတွင်တော့ ကိုယ့် ဆွေမျိုး သားချင်း အပြင် ရပ်ဆွေရပ်မျိုးကပါ သိုက်သိုက်ဝန်းဝန်း ရှိသည်မို့

သည်အတိုင်း ဘယ်သူမှ ပစ်ထားမည် မဟုတ်။ ဒေါ်ရွှေကျော့သည် ရွာတွင် သူနေခဲ့သော ကာလရှည်ကို ပြန်မြင် ယောင်နေသည်။ ဘယ်တုန်းကမှ ဘ၀ ကို ငြီးငွေ့စဖွယ် မထင်မြင်စဖူး။ ရွာကအိမ်တွင် တစ်ယောက်တည်း နေရစဉ်က သားသမီးကို လွမ်းတာ မှန်သော်လည်း အထီးကျန်ခြင်းက သည်တိုက်ခန်းတွင်း ကျန်ခဲ့ချိန်လောက် ပြက်ပြက်ထင်ထင် မရှိပါပေ။

သည်ရက်များထဲတော့ ဒေါ်ရွှေကျော့သည် ရွာသို့ ပြန်ရန် အကြိမ်ကြိမ် စဉ်းစားခဲ့သည်။ စိတ်ကူးတွင် ရွာအပြန်လမ်းကို အကြိမ်ကြိမ် မြင်၏။ သို့သော် သမီး၏ မျက်နှာကို မြင်လျှင်ပင် စိတ်ကူးက အကြိမ်ကြိမ် ပျက်ပြယ်သည်။ သူ သည်လို တွေးနေတတ်မှန်း သမီးသိလျှင် စိတ်မကောင်း ဖြစ်၍ဆုံးမည် မဟုတ်။ နောက်ဆုံးတော့လည်း စိတ်ဆန္ဒများစွာကို ဟန်လုပ်ဖုံးကွယ် ရသည်မှာ ရက်အချို့ လွန်ခဲ့ပေပြီ။

ဒေါ်ရွှေကျော့သည် လမ်းပေါ်ကို ငေးကြည့်နေရာက သမီးပုံရိပ် ကလေးကို ဖျတ်ခနဲ မြင်သည်။

ခေါင်းလောင်းကလေး တချွင်ချွင် လှုပ်ခတ်လာသည်။ လှေကားတစ်လျှောက် နင်းတက်လာမည့် ခြေသံကို နားစွင့်စဉ် ညနေခင်းတိုင်း သမီးမျက်နှာမြင်လျှင် သာယာ ကြည်နူးမြဲဖြစ်သော စိတ်ကလေးက တစ်ကျော့ပြန် လှုပ်ခတ်လာ၏။

တံခါးမှ လှမ်းဝင်လာသော သမီး၏ မျက်နှာကလေးမှာ ပင်ပန်းမှုကြောင့် နွမ်း၍နေသည်။ သမီး မတားနိုင်မီမှာပင် ဒေါ်ရွှေကျော့သည် ရေတစ်ဖန်ခွက်ကို ခပ်နှင့်ပြီး ဖြစ်နေသည်။ သမီးလေး အမောတကော ရေသောက်ချသည်ကို အငေးသား ကြည့်နေမိသည်။ ဘ၀ အမောများကြား သမီးလေးကို သည်လို မြင်တွေ့ရလျှင်တော့ စောစောက တွေးတတ်သည့် ရောက်တတ်ရာရာ အတွေးတို့သည် ဘယ်ဆီဘယ်ဝယ် လွင့်ပြယ်ပြီမသိ။

"အမေရေ ဒီနေ့ခင်းက အရီးငွေ ဖုန်းဆက်တယ် သိလား။ သမီးရုံးကို"

"ဘာများဖြစ်လို့တုံးကွယ်"

"ဘာမှမဖြစ်ပါဘူး အမေရဲ့။ သူ နေကောင်းကြောင်း ပြောပေးပါတဲ့၊ အမေ အဆင်ပြေရဲ့လား ဆိုတာလည်း သိချင်လို့တဲ့"

"အဆင်ပြေတယ် ပြောလိုက်ပါ သမီးရယ်။ အမေ ဒီမှာ အဆင် ပြေပါ တယ်လို့"

ဒေါ်ရွှေကျော့သည် သမီး၏ မျက်နှာကို ငေးမြဲငေးဆဲ။ နှုတ်ခမ်းများ ကတော့ ပြုံးနေပေမည်။

ကလျာမဂ္ဂဇင်း၊ မတ်၊ ၂၀၁၃

***

# အချစ်ကို ဖတ်ရှုခြင်း

"သူက အောက်ပြည် အောက်ရွာက လာတာလေ။ သနားပါတယ်။ တစ်ယောက်တည်း နေရတာတဲ့" ဟု တစ်ရက်မှာ မမကြီးက ပြောပါသည်။

မမကြီး၏ မျက်နှာမှာ ကျွန်မ စိတ်ထင်၍ပဲလား မသိ။ ပန်းနုသွေး ပြေး နေသည်ကို မြင်ရသည်။ ရှည်လျား မည်းနက်သော ဆံပင်များကို ရှင်းသလို နှင့် မျက်နှာကို ကွယ်ဝှက်ပြန်သည်။ ရှက်တတ် ကြောက်တတ်သည့် အပျိုမ ဟန် ဖမ်းချင်ပြီဖြစ်သော မမကြီးကို ကျွန်မ စနောက်ချင် လာပါသည်။

"သူဆိုတာ ဘယ်သူလဲ မမကြီးရဲ့"

"ဒီကလေးမဟာ။ မသိတာ ကျနေတာပဲ။ ဟိုဘက် တစ်အိမ်ကျော်မှာ ငှား နေတဲ့သူလေ မသိဘူးလား။ တို့အိမ်ရှေ့က နေ့တိုင်း ဖြတ်နေတဲ့ဟာ"

"သိသားပဲ။ မမကြီးကို ရိုတ်နေတဲ့သူ မဟုတ်လား။ အသား မည်းမည်းနဲ့ လူဟာ"

မမကြီးက မျက်စောင်းတစ်ချက် ရွယ်လိုက်ပါသည်။

"မမည်းပါဘူး။ ညိုတာပဲဟာ"

"မည်းတာမှ လွန်ရော"

ကျွန်မ၏ ပြောင်နောက်ချင်ဟန် ရှိနေမည့် မျက်နှာကို မမကြီးက ရင်ဆိုင် မကြည့်တော့ပါ။ မှန်ထဲက မျက်နှာကို အသာငေးကြည့်ကာ အလှ ပြင်နေ ပါသည်။ အလှပြင်သည် ဆိုသော်လည်း အထူးတလည် အရောင် ခြယ်သ

သည် မဟုတ်။ မမကြီးက ပင်ကိုကပင် လှသူ။ သနပ်ခါးမျှ လိမ်း ထားသည် ဆိုလျှင်ပင် ဝင်းဝင်းပပ လှနေတတ်ပါသည်။ ကိုယ့်အစ်မမို့ ကိုယ်ပြောသည် မဟုတ်။ ရပ်ကွက်ထဲမှာတော့ မမကြီး၏ ညီမဝမ်းကွဲ ဖြစ်ရတာပင် မျက်နှာ ပွင့်လှသည်။ နှုတ်ဆက်ချင်သူ များလှသည်။

တကယ်တော့ မမကြီးနှင့် အတူနေဖို့ ဖြစ်လာသည်မှာ သုံးနှစ်မျှသာ ရှိပါ သေးသည်။ မမကြီးက မြို့မှာ ဘွားဘွားနှင့် ငယ်စဉ် ကတည်းက အတူနေ သူ။ ကျွန်မကတော့ မိဘများနှင့်အတူ ရွာမှာနေသူ။ မမကြီးသည် ငယ်နုစဉ် မှာပင် မိဘများက ရှေ့ဆင့် နောက်ဆင့် ဆိုသလို ဆုံးပါးခဲ့သည်မို့ ဘွားဘွား လက်ပေါ်မှာပင် ကြီးပြင်း လာခဲ့ပါသည်။

ငယ်စဉ်တုန်းကတော့ မြို့ကို မိဘများနှင့် အလည် လိုက်လာသည့်အခိုက် မမကြီးနှင့် တွေ့ရမြဲ ဖြစ်သော်လည်း သံယောဇဉ်က သိပ်ပြီး တွယ်သည် မရှိ လှ။ အစ်မ တစ်ယောက်လိုတော့ ချစ်ခင်ပေမဲ့ မရင်းနှီးသေး။ အသက်က လည်း ငါးနှစ်မျှ ကွာသည်ဖြစ်ရာ အတူကစားဖို့လည်း အဖော်မရပြီ။

ဘွားဘွားက မမကြီးအပေါ် ကျွန်မတို့ထက် အချစ်ပိုသည်ကိုတော့ ထိုစဉ် ကတည်းက သိခဲ့ပါသည်။ သို့သော် ကျွန်မက ငြူစူပြိုင်ဆိုင် တတ်သူမ ဟုတ်။ ကျွန်မ၏ ဖေဖေကလည်း အစ်ကိုလုပ်သူ၏ သမီးလေး အပေါ် ကရုဏာစိတ်ဖြင့် ချစ်ခင် ကြင်နာသည်ကိုလည်း မနာလို မရှိပါပေ။

မူလတန်း အောင်တော့လည်း ဘွားဘွားအိမ်ကို ကျွန်မ ရောက်လာရ ပါသည်။ အိမ်နှင့် သိပ်မဝေးသော အထက်တန်းကျောင်းမှာ ငါးတန်း ဆက် တက်ရသည်။ မမကြီးနှင့်အတူ ကျောင်းတက်ရပါသည်။ ထိုစဉ်က မမကြီး က ဆယ်တန်း ကျောင်းသူ။ ဆယ်တန်းကို ဖြေလိုက်သေး သော်လည်း နှစ် နှစ်ဆက်တိုက် ကျသည်မို့ ကျောင်းဆက် မနေတော့ပြီ။

ခုတော့ ကျွန်မလည်း ခုနစ်တန်း တက်ရပြီ။ မမကြီးကိုတော့ ကျွန်မ

ရောက်စကထက် လှပပွင့်လန်း လာသည်ကို တွေ့ရပါသည်။ ချစ်လိုခင်လို သူ ပေါများ လာသည်ကို တွေ့ရပါသည်။ သို့သော် မမကြီးကတော့ သည်လို ကိစ္စများကို စိတ်ဝင်စားသည် မရှိပါ။ အိမ်မှာပင် အိမ်မှုအလုပ်များ လုပ်ရင်း၊ မိသားစုအတွက် အင်္ကျီလေးများ ချုပ်ရင်း နေတတ်သည်။ စျေးသွားသည် ဆိုလျှင်ပင် ဘွားဘွားက အမြဲလို ပါတတ်သည်မို့ မမကြီးမှာ ချစ်သူခင် သူများက ပိုးပန်းလိုလျှင်ပင် အလှမ်းဝေး နေတတ်လေသည်။

ကျွန်မသည် ဆယ်ကျော်သက်ရွယ်မျှသာ ရှိသေးသည်မို့ ရှည်ရှည်ဝေးဝေး လည်း မတွေးတတ်လေရာ မမကြီးကို စိတ်ဝင်စားသော အစ်ကိုကြီးများက မုန့်ဝယ်ကျွေးလျှင်ပင် အဟုတ်မှတ်ကာ ဝမ်းသာအားရ စားလာတတ်သည်။ မမကြီးအတွက် ဆိုကာ ထည့်ပေးသည့် စာအုပ်မျိုးကိုလည်း ယူလာ ဖူးသည်။

နောက်မှ ရည်းစားစာ ပါသည်ကို မမကြီးထံက သိရလျှင် ဘွားဘွားတို့ သိ မည်ကိုပင် ကျွန်မမှာ ကြောက်ရွံ့ရသည်။ သို့သော် မမကြီးက တိုင်တောနေ တတ်သူ မဟုတ်။ ဘယ်သူ့ကိုမှလည်း ပြန်လှန် စိတ်မဝင်စားခဲ့။ အိမ်၏အရိပ်မှာသာ ခိုအောင်း နေပျော်သူ။

ကျွန်မသည် နောက်ပိုင်းမှာတော့ မမကြီးအတွက် လမ်းကြုံ ထည့်ပေး တတ်သော စာအုပ်များ၊ စာများကိုတော့ ယူမပေးရဲတော့သော်လည်း သူတို့ က မျက်နှာလုပ်ကာ ကျွေးတတ်သော မုန့်များကိုတော့ စားမြဲပင်။

သည်အထဲမှာမှ မမကြီး၏ စကားများထဲ ခုတလော ပါလာတတ်သည့်သူ ဆိုသူကိုတော့ ဘာကြောင့်မှန်းမသိ ကျွန်မ သိပ်မကြိုက်လှပါ။

သူသည် ကျွန်မတို့မြို့က မဟုတ်။ သည်ပြည်နယ်သားပင် မဟုတ်။ ကျွန်မ၏ စိတ်ထဲတွင်တော့ ကိုယ့်နယ်က မဟုတ်သူမို့ သူစိမ်း တစ်ယောက် လိုသာ ခံစားရပါသည်။ မမကြီးကတော့ ကြံဖန် သနားစရာ ထင်နေသေး

သည်။

အဲသည်တုန်းကတော့ ကျွန်မသည် ရယ်စရာသာ ထင်ကာ မမကြီးကို စနောက်နေခဲ့တာ ဖြစ်သည်။ အတွင်းစိတ်ကို မြင်ကြည့်ဖို့ ရာလည်း နားလည်သေးသည် မဟုတ်ပါ။

ပြန်တွေး ကြည့်တော့လည်း အသားညိုညို သာမန်ရုပ်ရည်နှင့် လူတစ်ယောက်ကို မမကြီး စိတ်ဝင်စားစရာ အကြောင်းမရှိဟု ယုံနေခဲ့တာပင်။

သူသည် လက်သမား ဆရာတစ်ယောက် ဖြစ်သည်ဟု မမကြီး၏ စကားများဖြင့် ကျွန်မ သိခဲ့ရပါသည်။ အောက်ပြည် အောက်ရွာမှ ရွှေ့ပြောင်းကာ ကျွန်မတို့ မြို့ကလေး၌ အလုပ် လုပ်ကိုင်ရန် ရောက်လာခဲ့သည်တဲ့။ တစ်ယောက်တည်းပင် အိမ်ငှားနေသည်။

အလုပ်သွား အလုပ်ပြန်ချိန်များဆို အိမ်ရှေ့က ဖြတ်တိုင်း ပြုံးပြ နှုတ်ဆက်ရင်း မျက်မှန်းတန်းမိ ကြသည်ဟု မမကြီးက ဆိုဖူးသည်။ ခြံချင်းကလည်း တစ်ခြံကျော်မျှသာ ဖြစ်လေရာ မမကြီးကို လှမ်းမျှော်ကြည့် နေတာမျိုးကိုလည်း ကျွန်မ အမှတ်တမဲ့ တွေ့ဖူးပါသည်။ မမကြီးကတော့ ကျွန်မအမြင်မှာ ခပ်တည်တည်သာပဲ။

သို့ပေမဲ့ ခုနောက်ပိုင်းမှာတော့ ညဘက်များတွင် ညီအစ်မ နှစ်ယောက် စကားစမြည် ပြောကြလျှင် သူ့အကြောင်းများ ကြိုးကြား ကြိုးကြား ပါလာစပြုတော့ ကျွန်မ အံ့ဩလာပါသည်။

"မမကြီး အဲဒီလူကို ကြိုက်နေတာလား"

"ဟယ် ဒီကလေးမ ကြံကြံဖန်ဖန်"

မမကြီး၏ မျက်နှာ၌ တွေ့ရမြဲဖြစ်သော ရှက်ရိပ်ကို မြင်ရပြန်သည်။ မျက်စောင်း ရွယ်ပြန်သည်။ နှုတ်ခမ်းများကတော့ ဘာကြောင့် ပြုံးနေသည်လဲ။

ဘာကြောင့်များ ပြင်ပမြင်ကွင်းကို ငေးမောပြီး ငြိမ်သက်နေသည်လဲ။

ကျွန်မသည် အစ်မလုပ်သူ၏ မျက်နှာအမူအရာ အပြောင်းအလဲကို သည့်ထက် ကြာရှည် စိတ်မဝင်စားနိုင်ပါ။ ကျောင်းစာများလည်း ကျက်ရသေးသည်။ ဝတ္ထုများလည်း ဖတ်တတ်ပြီမို့ အချိန်လု ဖတ်ရသေးသည်။ ဝတ္ထုမည်သလား၊ မမည်သလား မသိနိုင်သော စာများကို ရေးတတ်လာပြီ။

သည်ကြားထဲ အတန်းတင် စာမေးပွဲက နီးပြီမို့ စာများနှင့် လုံးထွေးကာ မမကြီးကို မျက်ခြည်ပြတ်ခဲ့မိသလို ထင်သည်။ မမကြီး ညညဆိုလျှင် ကျွန်မ စာကျက်သည်နှင့်အပြိုင် တော်တော်နှင့် မအိပ်ဘဲ လူးလိမ့်နေသည် ကိုတော့ သိနေသည်။ သို့သော်လည်း ကျွန်တာတော့ ဘာမှထူးတယ် မထင်ခဲ့ပါပေ။

စာမေးပွဲ ပြီးတော့လည်း မိဘများ ရှိရာရွာဆီ ပြန်ပါသည်။ ရွာတွင် မိဘများ ရင်ခွင်၌ နေပျော်နေကာ မမကြီးကိုလည်း မေ့လျော့နေခဲ့သည်။ ဘွားဘွားကိုလည်း သတိမရနိုင်။ အိမ်နီးနားချင်း ငယ်သူငယ်ချင်း တစ်သိုက်နှင့် စကားပြော၍မှ ဝနိုင်သည်မထင်။

တစ်လမျှ နေပြီးလျှင်တော့ မြို့ကို ပြန်ရပါသည်။ ကျွန်မ ပြန်ရောက်ချိန်တွင်တော့ ဘွားဘွား၏အိမ်၌ အရာရာ ပြောင်းလဲနေပေပြီ။

အရာရာဟု ဆိုရသည်မှာလည်း ဘွားဘွားသည် မမကြီးအပေါ်တွင် မိဘမဲ့ မြေးကလေးမို့၊ ငယ်ကတည်းက ပြုစုလာရသည်မို့ အချစ်ပိုကာ အရိပ်တကြည့်ကြည့် ရှိတတ်၍ မမကြီး၏ အပြောင်းအလဲသည် အားလုံး၏ အပြောင်းအလဲ သာတည်း။

ဘွားဘွားကို မျက်နှာ သုန်မှုန်လျက် ဧည့်ခန်းတွင် ခပ်ငူငူ ထိုင်နေသည်ကိုသာ တွေ့ရသည်။ ကျွန်မ ပြန်ရောက်လာသည်ကိုပင် ဖက်လဲတကင်း မရှိ။ မမကြီးကိုလည်း ခါတိုင်းလို အဆင်သင့် မတွေ့ရ။ ဒေါ်လေးသည် ကျွန်မ

တွင် ပါလာသော ခြင်းတောင်းကို မီးဖိုခန်းထဲအထိ သယ်ယူ လာပေးသည်။ ခါတိုင်းတော့ မမကြီးက အသံလေး တစာစာနှင့် ကြိုနေကျပါ။ နေပါဦး… ဘွားဘွားက ဘာလို့များ မျက်နှာ မကောင်းရတာလဲ။ မမကြီးကိုရော ဘာကြောင့် မတွေ့ရတာလဲ။ အစဉ်အမြဲ ပေါ့ပေါ့ပါးပါး ပြုံးပြုံးရယ်ရယ် နေလေ့ရှိသော ဒေါ်လေးကိုလည်း မျက်နှာမသာမယာ ရှိနေသည်ကို တွေ့ရပါသည်။

"ဒေါ်လေး မမကြီးရော"

ဒေါ်လေးက ကျွန်မ၏ အမေးကို မဖြေနိုင်သေးဘဲ ဧည့်ခန်းထဲကို ငဲ့ကြည့်လိုက်ပါသည်။

"သမီး မမကြီးကို ရည်းစားနဲ့မိလို့လေ။ အခု ဈေးကိုတောင် ဒေါ်လေး သွားနေရတယ်" ဟု ကျွန်မကို တီးတိုး သတင်းပေးပါသည်။

ကျွန်မသည် ကြားရသော သတင်းစကား အတွက် ကိုယ့်နားကိုမှ မယုံနိုင်။

"ဘယ်သူလဲ ဒေါ်လေးရဲ့။ မမကြီးမှာ ရည်းစားရှိလို့လား။ သမီးတောင် မသိဘူး"

ဒေါ်လေးက ဘွားဘွားရှိရာဆီ တစ်ချက် လှမ်းကြည့်ပြန်ပါသည်။

"ရော်… ဟိုဘက် တစ်ခြံကျော်က လက်သမားဆရာလား ဘာလား ဟိုကောင်လေးဟာ"

ကျွန်မမှာ ဘယ်လိုမှ မသိလိုက်နိုင်သည်ကိုပင် အံ့အားတသင့် ဖြစ်နေရပါသည်။ တစ်ခန်းတည်း အတူနေခဲ့ပါလျက် ကျွန်မ ဘာကြောင့် မရိပ်မိခဲ့ပါလိမ့်။

မမကြီးကိုတော့ အခန်းထဲတွင် ငြိမ်သက် ငေးမောလျက် ရှိသည်ကို တွေ့ရပါသည်။ အရင်ကထက်လည်း များစွာ ပိန်သွယ် ညှိုးလျနေသည်။ အပြုံးအရယ်ပင် နည်းခဲ့ပြီလား မသိ။ ကျွန်မကို တွေ့တွေ့ချင်း ယဲ့ယဲ့မျှသာ ပြုံးပြနိုင်

ရှာသည်။ ကျွန်မသည် ငယ်ရွယ်သူတို့၏ သဘာဝဖြင့် မမကြီးကိုသာ သနား နေသည်။

"မမကြီး ဟိုလူကြီးနဲ့ ကြိုက်လို့ဆို"

"မကြာသေးပါဘူး မိမိုးရယ်။ ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကမှ အဖြေ ပေးလိုက်တာ"

ကျွန်မက သတိလက်လွတ် စနောက်ချင်စိတ်ဖြင့် ဟက်ခနဲ ရယ်မော လိုက်ပါသည်။

"မမကြီးပြောတော့ မကြိုက်ပါဘူးဆို"

"အေးဟယ် မိမိုးရယ်။ ငါက သနားတာကိုး။ သူက ငါ့ကို အရမ်း ချစ်ရှာ တာ"

"ဒီလူကြီးများ" ဟု ကျွန်မက ကိုယ့်အစ်မချောကို နှမြောစွာ ရေရွတ် လိုက်ပါသည်။

"တစ်ရက်ကလေးပဲ ဘွားဘွား ဈေးမလိုက်နိုင်တဲ့ တစ်ရက် မုန့်ဟင်းခါး ဆိုင်မှာ မုန့်စားရင်း စကားပြောမိပါတယ်။ စကားက ပြန်ပေါက် တော့တာ ပဲ မိမိုးရယ်။ ဘွားဘွားက ငါ့ကို ရိုက်တယ် သိလား"

မမကြီးသည် မျက်ရည် ကလေးများပင် ဝဲလာသည်။ အပြင်ဘက်ကို ငေး မောနေပြန်သည်။

"မမကြီးက ရည်းစားလို့ ပြောလိုက်လို့လား"

"သူက ငါ့လက်ကို ကိုင်ထားတာကိုး။ ရည်းစား မဟုတ်ဘူးလို့ ဘယ်လို ပြောရမှာလဲ"

"အခုတော့ အပြင် မထွက်ရတော့ဘူးဆို"

"အေးဟယ်။ သူလည်း သနားပါတယ်" ဟု မမကြီးက တီးတိုး ဆိုပါသည်။

ကျွန်မသည် မမကြီးကို သနားလှသလို ဘွားဘွား၏ ဒေါသကိုလည်း သိသူမို့ စကားလည်း များများ မပြောရဲဘဲ အိမ်မှာ နေရတာပင် ကျဉ်းကျပ်နေသည်။ ခါတိုင်းလို အသံ ကျယ်လောင်စွာ မရယ်မောနိုင်။ အိမ်ရှေ့အိမ်နောက် လူးလာခတ် ကူးလူးမနေရဲ။ ဝရန်တာ တစ်ထောင့်တွင် ငြိမ်ကုပ်ကာ စာဖတ်ကာ နေရသည်။

မနက်ခင်း များတွင်တော့ ဒေါ်လေးနှင့် ဈေးသို့ လိုက်ရသည်။ မမကြီး၏ ချစ်သူကိုတော့ ဈေးအနီးက လက်ဖက်ရည်ဆိုင်မှာ အမှတ်မထင် လှမ်းတွေ့ရသည်။ ကျွန်မတွေ့သလို ဒေါ်လေးကလည်း တွေ့ပုံရပါသည်။ မျက်နှာကို ခပ်တင်းတင်းထားကာ ဆိုင်ရှေ့က ဖြတ်လေသည်။

"နေ့တိုင်း လာစောင့်တာပဲ။ သီတာများ ဘယ်နေ့လာမလဲလို့ နေမှာပေါ့။ ဟိုက လွှတ်ပါတော့မယ် အားကြီး" ဟု ဒေါ်လေးက ရေရွတ် နေသည်ကို ကြားရသည်။

ကျွန်မသည် မမကြီး၏ ညှိုးငယ်သော မျက်နှာကို တစ်လှည့်၊ သူ့ချစ်သူ၏ စိုးရိမ်မကင်း ဖြစ်သော မျက်နှာကို တစ်လှည့် မြင်ယောင်ကာ သနားသလိုပင် ဖြစ်လာပါသည်။ အိမ်တွင် မမကြီး မျက်နှာငယ်နေရသည် ကိုလည်း သနားသည်။ ညတိုင်း မျက်ရည် ကျသည်ကိုလည်း သနားနေသည်။ သို့သော် ကျွန်မ ဘာများ တတ်နိုင်ပါမည်နည်း။ ဘွားဘွားကို ကျွန်မလည်း ကြောက်ရသည် မဟုတ်လား။ သနားသည်ပင် မပြောရဲ။ ဘွားဘွားက ကျွန်မကိုပင် ကြိုတင် ဆူပူနေသည်ကိုလည်း ရယ်မောချင် စဖွယ် ကြုံရသေးသည်။

သည်ကြားထဲတော့ ကျောင်းဖွင့်ရာသီစပြီ ဖြစ်လေရာ ကျွန်မသည် ကျောင်းနှင့် အိမ်နှင့် ကူးလူးကာ မအားမလပ် ရှိလာပြန်သည်။ ကျောင်း စာများနှင့် လုံးထွေးနေပြန်သည်။ ခုနစ်တန်းတွင် ပထမရခဲ့သည်မို့ ကျောင်း

စာများကို အရင်ကထက် လောဘကြီးလာသည်။

မမကြီးကိုတော့ သည်ရက်များထဲ အရင်လို ပုံမှန် ပြန်ဖြစ်လာသည်ကို မြင်ရပါသည်။ ဘွားဘွားနှင့်လည်း စကားဆိုနိုင်ကြပြီ။ ဘွားဘွား၏ စကားသံများလည်း နူးညံ့ခဲ့ပြီ။ နှစ်ယောက်သား စျေးအတူ သွားမြဲ၊ အတူ ချက်ပြုတ်မြဲ ဖြစ်လာပြန်သည်။ မမကြီးသည် ဘွားဘွား၏ စေတနာကို နားလည်ခဲ့ပြီဟု ဒေါ်လေးက ဆိုပါသည်။ ကျွန်မကလည်း ဟုတ်မှာပဲဟု ဒေါ်လေး သံယောင်လိုက်ကာ စိတ်ချမ်းသာဆဲ။

တစ်ရက်မှာတော့ မမကြီး အိမ်မှ ရုတ်တရက် ပျောက်သွားသည်ကို ကြုံကြရပါသည်။ မနက်မိုးလင်းတော့ ဒေါ်လေးက အလောတကြီး လာနှိုးမှ ကျွန်မ သိရသည်။ မမကြီး မရှိတော့ပြီ။ စာတိုတစ်စမျှသာ အခန်းထဲ ကျန်ရစ်ခဲ့သည်။

ဘွားဘွားသည် ထမင်းမျှပင် ထွက်မစားနိုင်တော့ လောက်အောင် ပုံလဲရှာသည်ကို မြင်လျှင်တော့ ကျွန်မမှာ ဘွားဘွားကိုလည်း သနားစိတ် ဝင်လာပြန်သည်။ မမကြီးတစ်ယောက် ဘယ်များ ရောက်နေသည်လဲ။

တစ်ပတ်ကျော်မျှ ရှိလျှင်တော့ လူကြီးနှစ်ဦး သုံးဦး အိမ်ကို လာကြပါသည်။ မမကြီး၏ချစ်သူ ငှားနေသောအိမ်မှ အိမ်ရှင်လည်း ပါလာသည်။ သူတို့က မမကြီးကို လူကြီးစုံရာနှင့် အပ်လိုသည်တဲ့။ ဘွားဘွားက ဒေါသတကြီး ငြင်းဆန်ဆဲ။

ဖေဖေတို့ပါ လိုက်လာကြပြီး ဖျောင်းဖျတော့မှ ခေါင်းညိတ်တော့သည်။ သို့သော် ဘွားဘွား အဲသည်ညက ငိုရှာသည်ကို ကျွန်မ သတိရ နေသည်။

"သူ့အတွက် အမေပြောခဲ့တာ အမေ့ စေတနာကိုတောင် သူ နားမလည်ဘူး။ နှစ်ယောက်စလုံး ပညာက မတတ်၊ အလုပ်က ဟုတ်တိ ပတ်တိမရှိနဲ့ အလောတကြီး အိမ်ထောင်ပြုကြတာ တစ်သက်လုံး ဆင်းရဲမှာစိုးလို့ အမေ

တားခဲ့တာပါ" ဟု ဖေဖေ့ရှေ့တွင် ဘွားဘွားက အသံလေး တုန်တုန်နှင့် ညည်းရှာသည်ကို တွေ့ရပါသည်။

ကျွန်မကတော့ ရှည်ရှည်ဝေးဝေး မတွေးတတ်သေးသော အရွယ်ပီပီ အင်္ကျီအသစ် ဝတ်ရမည်၊ မင်္ဂလာပွဲမှာ ပျော်ရမည်၊ မုန့်များ တဝစားရမည်ကိုသာ ပျော်နေသည်။ အရာအားလုံးကို ပျော်စရာ ထင် နေသည်။

မမကြီးတစ်ယောက် မင်္ဂလာပွဲနေ့မှာ မျက်နှာလေး ပြုံးမြနေသည်ကို မြင်ရတော့လည်း ကျွန်မက ပျော်သည်။ မင်္ဂလာပွဲမှာ အကျဉ်းချုံးမျှသာ လုပ်နိုင်သည်ကို လူကြီးများက စိတ်မကောင်း ဖြစ်ဆဲ ခဲဖိုးတောင်းဖို့ သူငယ်ချင်းများနှင့် တိုင်ပင်ကာ ပျော်နေသည်။ နောက်ဆုံးအနေနှင့် ယောက်ျားနောက်လိုက်ပါတော့မည်မို့ ဘွားဘွား၊ ကျွန်မ၏မိဘများနှင့် ဒေါ်လေးတို့ကို ကန်တော့ကာ မမကြီး ငိုတော့လည်း သူပဲ အမျိုးမျိုးဟု တွေးကာ ရယ်စရာမှတ်ပြီး ပျော်နေခဲ့လေသည်။

***

ယခုတော့ ရာသီများ အကြိမ်ကြိမ် ပြောင်းလဲခဲ့သည်အတွင်း ကျွန်မသည်လည်း ရွက်သစ်အခါခါ လဲရသော သစ်ပင်လို ဘဝဟောင်း၊ နေရာဟောင်းများကို နှုတ်ဆက် လာရပါသည်။ ကျွန်မ ဆယ်တန်းအောင်တော့ ဖေဖေတို့က မန္တလေး ပြောင်းကြသည်။ ကျွန်မလည်း မန္တလေးမှာပင် တက္ကသိုလ်တက်ရသည်။ အလုပ်ဝင်ရသည်။ ဘွားဘွားတို့ရှိရာ မြို့ကိုလည်း ပြန်မရောက်ဖြစ်။

ဖေဖေသာ တစ်နှစ်လျှင် တစ်ကြိမ်လောက် မှန်မှန် သွားတတ်သည်။

ဖေဖေ ပြန်လာလျှင်တော့ သတင်းများ ကြားရမြဲ။ မမကြီးမှာ ကလေး သုံးယောက်ပင် ရှိပြီဆိုတာ သိရသည်။ ဒေါ်လေးတစ်ယောက် ဘွားဘွားခြေရာနင်းကာ ကလေးများကို ခေါ်ထိန်း ပေးနေသည်ကို သိရသည်။ မမကြီးတို့မှာ စီးပွားရေးကတော့ လုံးလည်ချာလည် လိုက်နေကြသည်ဟု ဖေဖေက ပြောပြတတ်သည်။ မမကြီးက ကျွန်မကိုလည်း တွေ့လိုသည်တဲ့။ သို့သော်လည်း မရောက်ဖြစ်။

သည်နှစ်တော့ ဘွားဘွားက နေသိပ်မကောင်းသည်မို့၊ ဖေဖေက အတူလိုက်စေချင်မို့ မေမေရော ကျွန်မပါ မြို့သို့ ပြန်ရန် ဖြစ်လာပါသည်။

ဘွားဘွားသည် ကျွန်မတို့ကို လူစုံတက်စုံ ပြန်တွေ့ရသည့် အတွက် ပျော်နေရှာသည်။ သူကိုယ်တိုင်ပင် ဟင်းစီမံဖို့ ပြင်သည်မို့ ဒေါ်လေးက မိခင်ကို ကြည့်ကာ တပြုံးပြုံး ဖြစ်နေသည်။

"အခုမှ ငေါက်ခနဲ နေကောင်း လာတော့တာပဲ အမေတို့ကတော့" ဟု ဒေါ်လေးက ဆိုသည်။

ကျွန်မမှာတော့ အိမ်ရောက်သည် ဆိုလျှင်ပဲ မမကြီးကို ဦးဆုံး တွေ့ချင်နေပါသည်။ မမကြီးနှင့် ပြန်မတွေ့ဖြစ်တာ ငါးနှစ်ကျော်ခဲ့ပြီ။ ကျွန်မတို့ ရွှေ့ပြောင်းစဉ်ကတော့ ကလေးလေး ပိုက်ကာ သင်္ဘောဆိပ် လိုက်ပို့သည်ကို သတိရနေပါသည်။

"အမယ်လေး သွားရင် တွေ့ရပါလိမ့်မယ် မျောက်လောင်း သုံးကောင်ကို။ ဒီနေ့သာ အိမ်မလာသေးတာ။ ခါတိုင်းဆို ရောက်နေပြီ။ သူက သူ့စက်ချုပ်တဲ့ အလုပ်တစ်ဖက်ဆိုတော့ ကလေးတွေကို ကောင်းကောင်း ကြည့်နိုင်တာမဟုတ်ဘူး။ ကလေးတွေလည်း ဒီလာမှ ကောင်း ကောင်းနေရ၊ စားရတာ" ဟု ဘွားဘွားက ခပ်ပြုံးပြုံးနှင့် ပြောပြနေသည်။

"သမီး သွားလိုက်မယ်လေ ဘွားဘွား။ အပြန်ကျရင် မမကြီးနဲ့ကလေးတွေ

ခေါ်လာခဲ့မယ်"

ကျွန်မသည် ဒေါ်လေး လမ်းညွှန်သည့်အတိုင်း လျှောက်လာခဲ့ပါသည်။ မမကြီး၏အိမ်မှာ ပျဉ်ထောင်သွပ်မိုး အိမ်ငယ်လေး။ အိမ်ရှေ့တွင် ကလေးငယ်နှစ်ယောက် ဆော့ကစားနေသည်ကို မြင်ရသည်။

ကျွန်မ ခြံထဲဝင်လာတော့ အိမ်အတွင်းမှ အမျိုးသမီးတစ်ဦး အပြေး ထွက်လာသည်ကို တွေ့ရပါသည်။ ကျွန်မသည် မြင်ကွင်းကို ခြေအစုံရပ်ကာ အကြောင်သား ငေးကြည့်နေမိပါသည်။ ဘီးဆံပတ်နှင့် ကိုယ်ဟန်ပြည့်ပြည့်နှင့် အသက် ၄၀ ခန့်ထင်ရသော အမျိုးသမီးသည် ကျွန်မ၏ မမကြီးပါတကား။

တစ်ချိန်က ဝင်းဝါသွယ်နွဲ့သော မိန်းမပျိုမှာ ဘယ်ရောက်သွားပါ သနည်း။

"မမကြီးရယ် မိန်းမကြီး ကျနေတာပဲ"

ကျွန်မအသံမှာ စိတ်မကောင်းသံများ ဖြစ်နေလေမလား။

"အေးလေ။ မိန်းမကြီးပဲဟာကို"

မမကြီးက ရယ်မော ပြုံးရွှင်နေသည်။ ကလေးငယ်များကို ကျွန်မနှင့် စကားပြောစေကာ ရွှင်နေသည်။ အိမ်ပေါ်တက်စေကာ၊ နေရာချကာနှင့် အလုပ်များနေပြန်သည်။ အိမ်ရှေ့တွင် စက်တစ်လုံး ချလျက်။ ချုပ်လက်စ တွေ့ရသလို ပုံထားသော အထည်များကိုလည်း တွေ့ရသည်။ "သူက အလုပ်သွားတယ်လေ"ဟု မမကြီးက ပြောပြသည်။

"နှစ်ယောက်စလုံး လုပ်မှကိုး။ အကြီးလေးကလည်း ကျောင်းနေရပြီလေ။ နောက်ဆို အငယ်လေးတွေပါ လာဦးမယ်"

ကလေးငယ်လေးမှာ ပုခက်ထဲတွင် အိပ်မောကျဆဲက လူးလွန့်စပြုပြီ။ ကလေးကို ချီမည်ပြင်ဆဲ မီးဖိုထဲတွင် ထမင်းအိုးက ဝေသည်မို့ "ခဏ

နော်"ဟု ပြောကာ အပြေးအလွှား ထထွက်သည်။ သည်ခဏမှာပင် အိမ်ရှေ့က စီခနဲ ငိုသံကြား၍ ကျွန်မ ထွက်ကြည့်လျှင် ကလေးနှစ်ဦးမှာ ကစားစရာ လုခိုက် အငယ်လေးက ငိုယိုအော်ဟစ် နေသည်ကို မြင်ရပါသည်။

"သားကြီးရေ အမေ ဘာပြောထားလဲ ငိုသံမကြားချင်ဘူး ပြောထားတယ် မဟုတ်လား"

အိမ်ပေါက်ဝတွင် မမကြီးပေါ်လာကာ မာန်မဲတော့မှ ကလေး လက်ထဲကို ကစားစရာ ပြန်ရောက်သည်။ သို့သော် ရန်စောင်လိုဆဲ။ ကျွန်မသည် ရယ်မောချင်စွာ ပြီးတော့ အနည်းငယ် စိတ်ရှုပ်စွာ နေရာမှာပင် ရပ်လျက် မမကြီးကို လှည့်ကြည့်မိသည်။

မမကြီးသည် ယောက်မကို လက်တစ်ဖက်က ကိုင်ကာ ကလေး အငယ်ဆုံးလေးကို ခါးထစ်ခွင်ချီလျက်။ ထဘီကလည်း အလောသုံးဆယ် ပြင်ဝတ်လာပုံ ရပါသည်။ သူလည်း သူ့ဟန်ပန်ကို သူ့ဘာသာ ရယ်မောလို သည်လား မသိ။ ကျွန်မကို ပြုံးစိစိ ကြည့်နေသည်။

ကျွန်မမှာတော့ တစ်ချိန်က တွေ့ခဲ့ဖူးသည့် မမကြီး၏ ရှက်ရိပ်စွန်းသော၊ အချစ်ကို စူးစမ်းလိုသော မျက်လုံးနှင့် အပြုံးလေးများကိုသာ ဘာကြောင့်မှန်းမသိ ပြန်လည် မြင်ယောင် နေမိပါသည်။

Teen magazine ၊ ဇူလိုင်၊ ၂၀၁၂

***